# ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

# သထုံခရိုင် တပ်မဟာ(၁)

ရက်စွဲ - ၂၁.၀၉.၂၀၂၂

## ပြည်သူများသိစေရန် ထုတ်ပြန်ကြေညာချက်

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU) သထုံခရိုင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ(၁) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟို ကွန်ကရက်တွင် ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်၊ လုပ်ငန်းစဉ်နှင့်အညီ ရပ်တည်နေပါသည် ။

၂။ ၀၅.၀၉.၂၀၂၂ ရက်နေ့ မိတ်ဖက်ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) အဖွဲ့မှ ယာဉ်အမှတ် YGN – 4Q – 5627 DENKO ဆီဘောက်ဆာကားအား တော်လှန်ရေးအထောက်အကူ ပြုပစ်မှတ်အဖြစ် သတ်မှတ်ကာ ခေါ်ယူထိန်းသိမ်းခြင်းအား ခရိုင် တပ်မဟာ စစ်ဆေးရေးနှင့် ဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်း စိစစ် စုံစမ်းစစ်ဆေးရာတွင် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်(၂)ဦးကို ရိုက်နှက်ခြင်းနှိပ်စက်ခြင်း မရှိကြောင်း၊ ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းထားကြောင်း DENKO ဆီဘောက်ဆာကားတွင်ပါလာသော Premium (3000)ဂါလံ၊ Desel (2000)ဂါလံနှင့် Octane 92 (4000)ဂါလံအား ဖေါက်ယူရောင်းချပြီးဖြစ်ကြောင်း DENKO ဆီဘောက်ဆာကားကို ဂုံညှင်းနွယ်နှင့် ကျောက်ပုံရွာကြားလမ်းဘေးတွင် ရပ်ထားကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) မြို့နယ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ရင်းအဖွဲ့အစည်းနှင့် အသိပေးတင်ပြခြင်းမရှိကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ချမှတ်ထားသည့် တော်လှန်ရေး လမ်းစဉ်လုပ်ငန်းစဉ် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိကြောင်း စိစစ် စုံစမ်း စစ်ဆေး သိရှိရပါသည်။

၃။ ၁၅.၀၉.၂၀၂၂ ရက်နေ့တွင် မိတ်ဖက်ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) အဖွဲ့ထိန်းသိမ်းထားသော DENKO ဆီဘောက်ဆာကားအား ကရင်အမျိုးသားအစည်းအရုံး (KNU) ခရိုင် တပ်မဟာ ဖြေရှင်းရေးအဖွဲ့မှ ပြန်ထုတ်၍ ယာဉ်မောင်းလက်ထဲပြန်လည်အပ်နှံခဲ့ပြီး ပြန်လွှတ်ပေးလိုက်ပါသည်။

၄။ ယာဉ်အမှတ် YGN – 4Q – 5627 DENKO ဆီဘောက်ဆာကား ခေါ်ယူထိန်းသိမ်းခြင်းနှင့် ဆီဖေါက်ယူခြင်းအား ကရင်အမျိုးသားအစည်းအရုံး (KNU) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) အဖွဲ့အစည်းနှင့် လုံးဝပါဝင်ပတ်သက်ခြင်းမရှိကြောင်း DENKO ဆီဘောက်ဆာကား ပြန်လွှတ်နေစဉ်တွင် ဘေးကင်းလုံခြုံမှုရှိသောနေရာအထိ လုံခြုံရေးယူထားပေးကြောင်း စည်းမျဉ်း စည်းကမ်းလိုက်နာခြင်းမရှိသည့် မိတ်ဖက်ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) အဖွဲ့ခေါင်းဆောင်အား သက်ဆိုင်ရာ PDF တာဝန်ခံမှ အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည် ။

**ခရိုင်အလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**သထုံခရိုင် တပ်မဟာ(၁)**